**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) ကော်သူးလေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသော ဒေသများရှိ ပြည်သူများထံသို့ အကူအညီပေးရေးနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်**

စက်တင်ဘာလ အစောပိုင်းအတွင်း ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ တစ်ဝှမ်း တိုက်ခတ်ခဲ့သည့် ရာဂီမုန်တိုင်းနောက်ဆက်တွဲ ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများ၊ ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ပတ်သက်၍ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် လွန်စွာ စိုးရိမ်ပူပန်မိပါသည်။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် ကော်သူးလေအတွင်းရှိ ရေကြီး ရေလျှံမှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပြည်သူများကို အကူအညီပေးနိုင်ရန်နှင့် အကူအညီလိုအပ်နေသူများထံသို့ မိမိတို့ထံတွင် ရှိနေသော အရင်းအမြစ်များ အသုံးပြု၍ အတတ်နိုင်ဆုံး ပံ့ပိုးသွားနိုင်ရန် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာထံမှ အကူအညီများများစွာ လိုအပ်လျက်ရှိကြောင်းလည်း အထင်အရှား တွေ့နိုင်ပါသည်။ သို့သော် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အခြားသော တော်လှန်ရေး အင်အားစုများ၏ ထိန်းချုပ်နယ်မြေများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးခြင်းကို လုပ်ဆောင်မည်ဆိုပါက မင်းအောင်လှိုင် ဦးဆောင်သော စစ်ကောင်စီသည် မည်သည့်အကူအညီမျှ မရောက် နိုင်အောင် ပိတ်ပင်တားဆီးမှုများ ပြုလုပ်သွားလိမ့်မည် ဖြစ်သောကြောင့် မိမိတို့၏ "တပြိုင်နက်တည်း လုပ်ဆောင် နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့် အစီအစဉ်များ" (Parallel Processes for Delivering Assistance) မှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း နိုင်ငံတကာ အသိုင်း အဝိုင်းက လက်ခံအသိအမှတ်ပြုရန် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် အထူးထပ်မံ မေတ္တာရပ်ခံ တိုက်တွန်း လိုပါသည်။

မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းကြောင့် ဆိုးရွားသော ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရပြီး ကေအဲန်ယူ - ကရင်အမျိုးသား အစည်းအရုံး (KNU) အပါအဝင် မိမိတို့နှင့် ဆက်စပ်နေသည့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး ဆိုင်ရာ အဖွဲ့အစည်းများသည် သက်ဆိုင်ရာ စီမံအုပ်ချုပ်နေသော နယ်မြေများရှိ ထိခိုက်ဆုံးရှုံးမှုများနှင့် ပတ်သက် သော အချက်အလက်များအား ကောက်ယူလျက်ရှိကြသည်။ ဤသဘာဝ ဘေးအန္တရာယ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းမှု နောက်ဆက်တွဲ ဖြစ်ပေါ်လာသော ပဋိပက္ခများနှင့် နေရပ်စွန့်ခွာ ထွက်ပြေးမှုများ ဖြစ်ပေါ်လာခဲ့ပြီးနောက် ထပ်ဆင့် ဖြစ်ပေါ်လာခဲ့သော ဘေးအန္တရာယ်တစ်ခုဖြစ်သည်။ ထို့အပြင် ဒေသခံ ရပ်ရွာလူထုများ၏ လယ်ယာမြေများသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လ အစောပိုင်းကတည်းက ရေကြီးရေလျှံမှုဒဏ်ကို ဆိုးရွားစွာ ခံလာခဲ့ရပြီး စပါးခင်းများလည်း ဆိုးရွားစွာ ထိခိုက်ပျက်စီးခဲ့ရရုံသာမက ကောက်ပဲသီးနှံ အသစ်များ စိုက်ပျိုးရန်အတွက် မြေယာပြင်ဆင်မှု ပြုလုပ်ခြင်းကိုလည်း နှောင့်နှေးမှုဖြစ်စေခဲ့သည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ခရိုင် (၇) ခုအတွင်းရှိ မြို့နယ် (၂၇) ခု အနက် မြို့နယ် (၂၀) ခုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အထူးသဖြင့် ဒူးသထူ (သထုံ)၊ ခလယ်လွီထူ (ညောင်လေးပင်)နှင့် တောအူး

(တောင်ငူ) ခရိုင်တို့တွင် ရေကြီးရေလျှံမှုဒဏ်ကို အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည်။ ပြည်သူ ၃၈၀,၀၀၀ ကျော် ကြီးမားသော ထိခိုက်ပျက်စီးမှု ဒဏ်ခံခဲ့ရပြီး စပါးခင်းများ၊ သိုလှောင်ထားသော စားနပ်ရိက္ခာများ၊ ရေတွင်းများ၊ ရေဘုံဘိုင်များနှင့်ရေကန်များ အပါအဝင် သောက်သုံးရေ အရင်းအမြစ်များ၊ အိမ်သာများ၊ မွေးမြူရေးတိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးခဲ့ရရုံသာမက နေရာအနှံ့အပြားတွင်လည်း အဆောက်အဦးများ ထိခိုက်ပျက်စီးခဲ့ရသည်။

**ခရိုင်တစ်ခုစီအလိုက် ရေကြီးမှုဒဏ်ခံခဲ့ရသော လူဦးရေအချက်အလက်များ**

| စဉ် | ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ခရိုင်များ | ကျေးရွာ အရေအတွက် | ကျား | မ | စုစုပေါင်း လူဦးရေ | အိမ်ခြေ အရေအတွက် |
|---|---|---|---|---|---|---|
| ၁ | ဒူးသထူခရိုင် | ၁၇၈ | ၅၃,၀၈၄ | ၅၅,၂၀၉ | ၁၀၈,၂၉၃ | ၁၈,၈၅၂ |
| ၂ | တောအူးခရိုင် | ၇၂ | ၃၃,၆၀၈ | ၃၉,၇၅၁ | ၇၃,၃၅၉ | ၁၅,၃၁၄ |
| ၃ | ခလယ်လွို့ထူခရိုင် | ၁၈၆ | ၅၇,၇၉၆ | ၅၉,၅၀၀ | ၁၁၇,၂၉၆ | ၂၂,၇၀၅ |
| ၄ | မူတြော်ခရိုင် | ၈ | ၁,၈၈၂ | ၁,၉၅၁ | ၃,၃၀၃ | ၆၁၁ |
| ၅ | မြိတ်/ထားဝယ်ခရိုင် | ၄၆ | ၉,၃၅၄ | ၉,၉၀၆ | ၁၉,၂၆၀ | ၄,၁၉၆ |
| ၆ | ဒူးပလာယာခရိုင် | ၁၃ | ၂,၁၃၅ | ၂,၂၉၆ | ၄,၄၃၁ | ၁,၀၅၄ |
| ၇ | ဖားအံခရိုင် | ၃၉ | ၂၇,၁၆၀ | ၂၇,၆၇၇ | ၅၄,၈၃၇ | ၁၀,၂၆၈ |
|  | စုစုပေါင်း | ၅၄၂ | ၁၈၅,၀၁၉ | ၁၉၆,၂၉၂ | ၃၈၀,၇၇၉ | ၇၃,၀၀၀ |

**ထိခိုက်ပျက်စီးဆုံးရှုံးမှုများ**

| စဉ် | ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ခရိုင်များ | သေဆုံး (လူ) | အိမ် | ကျောင်း | ကျန်းမာရေး | အိမ်သာ | သောက်ရေတွင်း | လယ်ယာမြေ (ဧက) | မွေးမြူရေး တိရစ္ဆာန် | သိုလှောင်ထားသောရိက္ခာ | တံတား | လမ်း (မိုင်) | ယဉ်နှင့် စက်ပစ္စည်း | လှည်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဒူးသထူ ခရိုင် |  |  |  |  |  |  | ၈,၉၃၁ | ၃၇၂ |  |  |  | ၆၀၁ |  |
| ၂ | ခလယ်လွို ထူ ခရိုင် |  |  | ၃၀၁ | ၄ |  |  | ၃,၉၈၈ |  |  | ၁၃ |  |  |  |
| ၃ | တောအူး ခရိုင် |  | ၁,၆၂၅ | ၄ | ၁ | ၄,၅၈၇ | ၆၅၂၇ | ၁၅,၁၅၂ | ၂,၂၅၈ | ၂၀၀၇ | ၅ | ၅၃ | ၂,၄၀၀ | ၂၃၀ |
| ၄ | မူတြော် ခရိုင် |  | ၈၅ |  | ၉ | ၂၄၀ |  |  |  |  |  |  |  |  |
|  | စုစုပေါင်း |  | ၁,၇၁၀ | ၃၀၄ | ၁၄ | ၄,၈၂၇ | ၆,၅၂၇ | ၂၈,၀၇၁ | ၂၆၃၀ | ၂၀၀၇ | ၁၈ | ၅၃ | ၃၀၀၁ | ၂၃၀ |

* သွားလာရေးနှင့် ဆက်သွယ်ရေး အခက်အခဲများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ နှင့် ပတ်သက်၍ ကျန်ရှိနေသော အချက်အလက်များကို လက်ခံရရှိနိုင်ခြင်း မရှိသေးပါ။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ လိုအပ်ချက်များ**

အောက်ပါတို့သည် လတ်တလော အရေးအကြီးဆုံး လိုအပ်ချက်များဖြစ်သည်။

- အစားအစာ၊ သောက်သုံးရေနှင့် သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများသည် လတ်တလော အရေးအကြီးဆုံး အရေးပေါ်လိုအပ်ချက်များဖြစ်သည်။
- လယ်ယာသုံး ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် စက်ပစ္စည်းများ ပြင်ဆင်ရန် သို့မဟုတ် ပြန်လည်အစားထိုးရန် ပံ့ပိုးကူညီမှုများ။
- မိသားစုစားသုံးရန်နှင့် အသက်မွေးဝမ်းကြောင်းအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန် အဓိကရည်ရွယ်၍ တစ်ပိုင်တစ်နိုင်မွေးမြူခဲ့သော တိရစ္ဆာန်များ ပြန်လည်အစားထိုးနိုင်ရန် ပံ့ပိုးကူညီမှုများ။
- ရေတွင်းနှင့် ရေပိုက်လိုင်းများကဲ့သို့ သောက်သုံးရေအရင်းအမြစ်များနှင့် ပစ္စည်းကိရိယာများ ပြန်လည်အစားထိုးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအတွက် ပံ့ပိုးကူညီမှုများ။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ပြည်သူများထံသို့ လိုအပ်သော အကူအညီများ ပေးပို့နိုင်ရန် တပြိုင်နက်တည်း ကူညီထောက်ပံ့ရေး အစီအစဉ်များ (Parallel Processes for Delivering Assistance) မှ တစ်ဆင့် သက်ဆိုင်ရာ အစားထိုးအကူအညီပေးရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ထိုင်းအစိုးရ၊ အာဆီယံနှင့် အခြားသော အလှူရှင်အစိုးရများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး အေဂျင်စီများကို လွန်ခဲ့သော ခုနှစ်များကတည်းက အသိပေးတင်ပြဆွေးနွေးမှုများ အများအပြား ပြုလုပ်ခဲ့သည်။ ဤအချက်ကို အထူးထည့်သွင်းစဉ်းစားရန် အောက်ပါအတိုင်း ထပ်မံတင်ပြလိုပါသည်။

- စစ်ကောင်စီ ထိန်းချုပ်နယ်မြေများရှိ ပြည်သူများကို အကူအညီပေးရန်။ ထိုနယ်မြေများသို့ ဝင်ရောက်နိုင်ရေး ၎င်းတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။
- တိုင်းရင်းသားတော်လှန်ရေးအင်အားစုများနှင့် အခြားတော်လှန်ရေးအင်အားစုများ အုပ်ချုပ်သော နယ်မြေများရှိ ပြည်သူများကို အကူအညီပေးရန်နှင့် ထိုသို့ကူညီရာတွင် စစ်ကောင်စီ၏ ပါဝင်ပတ်သက်မှု လုံးဝမပါဘဲ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး (KNU) အပါအဝင် အခြားသော သက်ဆိုင်ရာ တော်လှန်ရေးအင်အားစုများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။ စစ်ကောင်စီသည် လက်ရှိတွင် ကျောင်းများနှင့်ဆေးရုံများ အပါအဝင် အရပ်သားပြည်သူများနှင့် အခြေခံအဆောက်အဦးများကို ပစ်မှတ်ထားတိုက်ခိုက်မှုများ ပြုလုပ်နေလျက်ရှိကြောင်းနှင့် လိုအပ်သူများထံသို့ အကူအညီမရောက်နိုင်အောင် တားဆီးမှုများ ပြုလုပ်လျက်ရှိကြောင်း အများသိထားပြီးဖြစ်သည်။

ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေများရှိ ပြည်သူများကို ထိုင်းနယ်စပ်မှ တစ်ဆင့် အကူအညီပေးနိုင်ရန် ထိုင်းအာဏာပိုင်များအနေဖြင့် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ညှိနှိုင်းဆောင်ရွက်သင့်ပြီး မိမိတို့အနေဖြင့်လည်း ထိုသို့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး လုပ်ငန်းများအတွက် ညှိနှိုင်းမှုများ ပြုလုပ်ရန် အမြဲအသင့် ရှိနေပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟို

**ဆက်သွယ်ရန်**

- ပဒိုစောတောနီး - (၆၆၆၃ ၀၂၀၂၄၁၁)

**Karen National Union**
**Supreme Headquarters**
**Kawthoolei**
**www.knuhq.org**

# Karen National Union (KNU)
# Statement on aid to the people in flood-affected areas of Kawthoolei

September 28, 2024

The Karen National Union (KNU) is deeply concerned about the damage, destruction, and loss of life caused by flooding as Typhoon Yagi swept through northern Vietnam, Laos, Thailand, and Myanmar in early September. The KNU has expressed its commitment to providing assistance to the people residing in the Kawthoolei who have been impacted, assuring them that it will allocate all available resources to support those in need. It is clear, however, that support from the international community is greatly needed. In this matter, the KNU renews its pleas to the international community to recognize the need for parallel programs of assistance since any assistance will be blocked by the State Administration Council (SAC) junta led by Senior General Min Aung Hlaing from reaching areas under the control of KNU and other resistance forces.

The impact of Typhoon Yagi in Burma/Myanmar has been severe, and KNU and humanitarian agencies associated with the KNU have gathered data on the impact on their operational areas. The disaster occurred on top of the disaster caused by conflict and displacement following the military coup of 1st February 2021. Not only that, but many of the communities' farms had already suffered severe flood damage in late July and early August of 2024, which had caused severe damage to paddy fields and delayed the preparation of fields for new crops.

In KNU areas, 20 out of 27 townships in the KNU seven districts, but most severely in its Doo Tha Htu (Thaton), Kler Lwe Htu (Nyaunglaybin), and Taw Oo (Toungoo) districts, are affected. Over 380,000 people are affected by large-scale damage to paddy fields, food storage facilities, and water resources, including shallow wells, hand-pump wells, ponds, and latrines, livestock loss, and widespread destruction of buildings.
Flood-Affected Areas and Population

| Sr. | KNU's District | # of Village | Male | Female | Total Population | Households |
|---|---|---|---|---|---|---|
| 1 | Doo Tha Htu District | 178 | 53,084 | 55,209 | 108,293 | 18,852 |
| 2 | Taw Oo District | 72 | 33,608 | 39,751 | 73,359 | 15,314 |
| 3 | Kler Lwe Htu District | 186 | 57,796 | 59,500 | 117,296 | 22,705 |
| 4 | Mutraw District | 8 | 1,882 | 1,953 | 3,303 | 611 |
| 5 | Mergui-Dawei District | 46 | 9,354 | 9,906 | 19,260 | 4,196 |
| 6 | Dooplaya District | 13 | 2,135 | 2,296 | 4,431 | 1,054 |
| 7 | Hpa-An District | 39 | 27,160 | 27,677 | 54,837 | 10,268 |
| | Total | 542 | 185,019 | 196,292 | 380,779 | 73,000 |

Loss, Damage, and Destruction

| Sr. | District | Death (Human) | House | School | Health facility | Latrine | Drinking well | Farms (Acre) | Livestock | Food Storage | Bridge | Road (Mile) | Vehicles & Machinery | Cart |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Doo Tha Htu District | | | | | | | 8931 | 372 | | | | 601 | |
| 2 | Kler Lwe Htu District | | | 301 | 4 | | | 3988 | | | 13 | | | |
| 3 | Taw Oo District | | 1625 | 4 | 1 | 4587 | 6527 | 15152 | 2258 | 2007 | 5 | 53 | 2400 | 230 |
| 4 | Mutraw District | | 85 | | 9 | 240 | | | | | | | | |
| | Total | | 1710 | 304 | 14 | 4827 | 6527 | 28071 | 2630 | 2007 | 18 | 53 | 3001 | 230 |

*Due to transportation and communication challenges, the remaining data for all losses, damages, and destruction has yet to be received.

## Humanitarian Needs

The most urgent needs are as follows:

- Support for food, drinking water, and hygiene kits is the most urgent emergency requirement.
- Support for replacing or repairing farm tools, vehicles, and machinery.
- Support for restoring animal husbandry to replace livestock and poultry used mainly for domestic consumption to diversify nutrition and livelihoods.
- Support for replacing or repairing water supply facilities, such as wells and pipelines.

As KNU has expressed over the past years and extensively deliberated with the Thai government, ASEAN, and other supportive governments and aid agencies, the necessity of implementing parallel processes for delivering assistance to those in need has been emphasized:

- To assist people in areas controlled by the SAC, access can be arranged with them;
- To assist people in areas governed by ethnic resistance forces, access must be arranged with the KNU and other resistance forces, without any involvement of the SAC. The SAC is known for obstructing aid to those in need and for ongoing attacks on civilian populations and vital infrastructure, including schools and hospitals.

Assistance for individuals in KNU areas should be facilitated across the Thailand border through collaborative dialogues involving Thai authorities and the KNU, which is prepared to engage in such discussions actively.

Central Executive Committee
Karen National Union
Supreme Headquarters

Contacts:
- Saw Taw Nee (+66630202411)